## ကျန်းမာရေးဝန်ကြီးဌာန

## ဌာနခွဲ (၆)

# ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော်ဆိုင်ရာ ပါလီမန်အမတ်များအား ဆေးဝါးအခမဲ့ကုသခွင့်နည်းဥပဒေ

## အမှတ် ၄၁

## ရန်ကုန်မြို့၊ ၁၃၁၆ ခု၊ တပို့တွဲလပြည့်ကျော် ၈ ရက်

## (၁၉၅၅ ခု၊ ဖေဖော်ဝါရီလ ၁၅ ရက်)

အမှတ် ၄၁။ ။ နိုင်ငံတော်သမ္မတသည်၊ မူလအခြေခံနည်းဥပဒေအတွဲ ၂၊ နောက်ဆက်တွဲ ၁၄၊ အခန်း ၂ တွင် ပါရှိသော အခမဲ့ဆေးဝါးကုသခွင့်များအပြင်၊ အောက်ဖော်ပြပါ ပါလီမန်အမတ်များအား၊ ဆေးဝါး အခမဲ့ကုသခွင့် နည်းဥပဒေကို ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော်အမတ်များအတွက် ထုတ်ပြန် ကြေညာလိုက်သည်။

"ပါလီမန်အမတ်များသည်၊ မမာမကျန်းဖြစ်ခဲ့သော် မိမိတို့ဆိုင်ရာဒေသများတွင် ရောဂါဝေဒနာများ ကုသမရနိုင်ဟူ၍ သက်ဆိုင်ရာဆရာဝန်က ထောက်ခံအတည်ပြုပါလျှင်၊ မြန်မာနိုင်ငံတော်အတွင်းရှိ ဆေးရုံတစ်ခုမှတစ်ခု၊ ဆင့်ကဲဆင့်ကဲ အစိုးရစရိတ်ဖြင့်အသွားအပြန် တက်ရောက်ကုသခွင့်ပြုလိုက်သည်။ ကုန်ကျစရိတ်ငွေကို ပါလီမန်အမတ်၏ နေရင်းဒေသရှိ ဆေးရုံရန်ပုံငွေမှ ထုတ်နုတ်သုံးစွဲယူရမည် ဖြစ်ကြောင်း။"

အထက်ဖော်ပြပါ အခွင့်အရေးသည်၊ ပါလီမန်အမတ်များနှင့်သာလျှင် သက်ဆိုင်ခြင်းရှိ၍၊ ၎င်း၏ အိမ်ထောင်စုများနှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါ။

ဤခွင့်ပြုအမိန့်ကို၊ ၁၉၅၄ ခုနှစ်၊ ဇန္နဝါရီလ ၁ ရက်နေ့မှစ၍ အတည်ပြုလိုက်သည်။

အမိန့်အရ၊
ဂျီ၊ အက်(စ်)၊ ဒီလုံး၊
အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန။

Myanmar Law Information System (MLIS)